
စိမ်းလဲ့ဖြူ
ပိတောက်ချစ်သူ

(ပထမပိုင်း)

"တီ ... တီ ... တီ"

အိမ်ရှေ့မှ ကားဟွန်းတီးသံကြောင့် ပိတောက်ဖူး အပြေးအလွှား ထွက်ကြည့်လိုက်သည်။ ရွှန်းလဲ့နေသော မျက်ဝန်းအကြည့်နှင့်အတူ ပျော်ရွှင်သွားသော အပြုံးများသည် ဖုံးဖိမရနိုင်လောက်သည်အထိ ပီတိဖြစ်သွား၏။

"မေမေရေ ... ခင်ခင်တို့ လာခေါ်ပြီ"

နှုတ်မှရေရွတ်အော်ပြောလျက် ခရီးဆောင်အိတ်ကြီးကို အိမ်ထဲမှ ပင့်ထုတ်လာသည်။ ရန်ကုန်မှသူငယ်ချင်း ခင်ရတနာတို့သားအဖကိုယ်တိုင်လာခေါ်သောကြောင့် ပိတောက်ဖူးသည် ယနေ့တွင် ရန်ကုန်သွားရတော့မည်။

"သမီးလေးပိတောက်က ရန်ကုန်ကို တစ်ခေါက်ပဲ ရောက်ဖူးတာ အစ်ကိုရဲ့။ ခုလည်း သူ့သူငယ်ချင်း ကိုယ်တိုင် လာခေါ်တာဆိုတော့ စိတ်ချလက်ချနဲ့ ထည့်ပေးလိုက်မယ်နော်"

"ဟုတ်ကဲ့ စိတ်ချပါညီမရယ်။ ကျွန်တော့်သမီးရဲ့သူငယ်ချင်းကို သမီးလေးတစ်ယောက်လိုပဲ စောင့်ရှောက် ပေးပါ့မယ်။ သင်္ကြန်ပြီးတာနဲ့ မော်လမြိုင်ကို လာပြန်ပို့ပေးပါ့မယ်"

"စိတ်မပူပါနဲ့ အန်တီရယ်။ ပိတောက်နဲ့ခင်ခင်တို့က အင်တာနက်ကနေ ခင်မင်တဲ့သူငယ်ချင်း တွေဆိုပေမဲ့လည်း တကယ့်ညီအစ်မရင်းတွေလိုမျိုး ချစ်ကြတာပါ။ ခုလည်း ဖွားဖွားအိမ်ကအပြန် ပိတောက်ကိုပါ ရန်ကုန်

သင်္ကြန်ပြချင်လို့ တစ်ခါတည်း ဝင်ခေါ်တာလေ။ သင်္ကြန်ပြီးရင် ပိတောက်ကို ပြန်ပို့ပေးပါ့မယ်နော်။ အန်တီ စိတ်ချပါ"

"အင့်လေ မေမေကလည်း ဘာတွေစိတ်ပူနေတာလဲ။ ခင်ခင်နဲ့ ဦးလေးတို့က ပြန်ပို့ပေးပါမယ်ဆိုမှ"

"သိပ်မသွားချင်ရှာဘူးနော် မိပိတောက် ဟွန့်"

"အဟီး မေမေကလည်း"

"ကဲ ပိတောက်ရေ ခင်တို့ သွားကြရအောင်"

"မေမေရေ တာ့တာ။ အရမ်းချစ်တယ်နော် မွမွ"

ရန်ကုန်သွားခါနီး မေမေ့ပါးပြင်လေးကို နမ်းရှုံက်ကာဖြင့် နှုတ်ဆက်လိုက်မိသည်။

***

သင်္ကြန်အကြိုနေ့။

"တီ ... တီ ... တီ"

"ဒီလောက်တောင် ဆူညံနေတာ မင်းတို့မှန်း သိပါတယ်ကွယ်။ ဒါနဲ့ နေကြစမ်းပါဦး မင်းတို့ဆံပင်တွေက မိုးကြိုးကေလားဟင်"

"အာ ... အန်တီကလည်း ရန်ကုန်မှာနေပြီးတော့ဗျာ ခေတ်နောက်ကျလိုက်တာ။ ဒါခေတ်ပေါ်စတိုင် လေဗျာ။ သီချင်းတောင် ရှိသေးတာပဲ။ အန်တီ မကြားဖူးဘူးလား"

"ဘာသီချင်းတုန်း"

"လရောင်ရေ အန်တီ မကြားဖူးဘူးတဲ့။ ကဲ တစ်ပွဲလောက် စည်းချက်ညီညီ"

"မင်းစော်နဲ့ ငါ့စော်နဲ့ ဘူမိုက်လဲ"

"ငါ့စော် ပိုမိုက်တယ်"

"မင်းကေနဲ့ ငါ့ကေနဲ့ ဘူလန်းလဲ"

"ငါ့ကေ ပိုလန်းတယ်"

"ဟော့ ယို့ယို့ ..."

"ဟော့ကောင်တွေ ငါ့အိမ်ရှေ့မှာ ဘာသောင်းကျန်းနေတာလဲ"

အသားညိုညို အရပ်(၆)ပေ အသက်(၂၇)နှစ် လူပျိုကြီးဦးစိတ်တို။ ဆံပင်နက်နက် မျက်ခုံးမည်းမည်း နှာတံချွန်ချွန် နှုတ်ခမ်းထူထူ ပိုင်ဆိုင်ထားသူ။ အမည်းရောင်ဂျာကင်အင်္ကျီနှင့် ဂျင်းဘောင်းဘီရှည် တွဲဝတ်ထားသူ။ ရှူးဖိနပ်စီး၍ ဆိုက်တမ ဂိုက်တမဖြင့် စတိုင်ကျလွန်းနေသော သင်္ကြန်မင်း။

"ဟော့ကောင် သိကြားမင်း မင်းဟာကလည်း ငါတို့တွေတောင် ရင်ခုန်သွားပြီ။ တယ်လန်းပါလား သားကြီး။ ဘယ်စော်နဲ့ သွားချိန်းမို့လဲဟင်"

"လဒတွေ ငါမဆဲချင်ဘူးနော် ဘာသိကြားမင်းလဲ။ မင်းတို့ တစ်နှစ်လုံး ဒီနာမည်ပြောင်ကို ခေါ်ခဲ့ပြီးပြီလေ။ သင်္ကြန်ရက်လေးတော့ ငါ့နာမည်ကို အတည့်လေး ခေါ်ပေးကြစမ်း"

"ဟ မင်းကလည်းကွာ မဆဲချင်ဘူးလို့သာ ပြောလိုက်တာနော်။ ပါးစပ်ကတော့ လွှတ်ခနဲပဲ။ အေးပါကွာ ငါတို့က တစ်နှစ်လုံး ဒီလိုခေါ်ခဲ့တော့ ပါးစပ်က နှုတ်ကျိုးနေလို့ပါ သင်္ကြန်မင်းရာ ..."

"ကဲ မင်းတို့သူငယ်ချင်းမွေးနေ့တွက် အန်တီ ကြာဆံဟင်းခါး ပူပူလေး ချက်ထားတယ်။ သင်္ကြန်မလည်ခင် စားသွားကြဦးနော်"

"ဟေး ... ဝါးတီးရပြီကွ။ ကြည့်စမ်း သင်္ကြန်မှာမွေးတဲ့ သူငယ်ချင်းတစ်ယောက်ရထားတာ သိပ်ကံကောင်းတာပဲကွာ။ အန်တီ့လက်ရာ ရှလွတ် ရှ

လွတ် သွားဆွဲလိုက်ဦးမယ်။ မင်းလည်း ငါတို့နဲ့ တူတူလာစားလေ သိကြားမင်း"

"ဘာ ငါ့ကို ဘယ်လိုခေါ်လိုက်တယ်။ ခန့်ဇင်မင်း လရောင်မင်း သေနာတွေ ပြန်လာကြစမ်း ..."

လူပုစိတ်တိုဆိုလျှင် အပြစ်ပြောစရာ မရှိ။ ယခုမူ လူရှည်စိတ်တို ဖြစ်နေသောကြောင့် ငယ်သူငယ်ချင်း နှစ်ဦးလည်း အမြဲလိုလို စနောက်ချင်စိတ်ပေါ်လာ၏။ ထို့ကြောင့် ယခုကဲ့သို့ စနောက်၍ ထွက်ပြေးနေရသည်ကိုပင် အလွန်သဘောတွေ့နေကြသည်။

***

"အဟင့် ဒီလိုမှန်းသိရင် ထူထူလေး ဝတ်လာပါတယ်။ အား ... ရက်လိုက်တာ။ ခင်ခင်ကလည်း အကျီသွားယူတာ ကြာလိုက်တာ။ မေနှင်းကလည်း ထမင်းသွားဝယ်တာ ဆိုင်ရှင်နဲ့များ ညားသွားပြီလား မသိဘူး။ သူတို့ပဲ ရန်ကုန်လာဖို့အတင်းခေါ်ပြီးတော့ ခုကျတော့ ပစ်ထားကြတယ်။ လာမှ တွေ့ဦးမယ် အပြတ်ကောက်ပစ်မှာ ဟွန့်"

အသားညိုညို အသက်(၂၂)နှစ် အရပ်(၄)ပေ (၁၀)လက်မ ဂျပုမလေး။ ကုပ်ဝဲဆံပင်လေးနှင့် မျက်လုံးဝိုင်းဝိုင်း နှင်းဆီဖူးရောင် နှုတ်ခမ်းပါးလေး ပိုင်ဆိုင်ထားသူ။ ရင်ခုန်စွဲမက်စရာကောင်းသော မိန်းမလှလေးတစ်ဦး မဟုတ်သော်လည်း ချစ်စရာကောင်းသော ဟန်ပန်အမူအရာကို သိမ်းပိုက်ထားသူ။ ထို့ပြင် ကလေးစိတ်မကုန်သေး၍ စိတ်ကောက်လွယ်လွန်းသော ပိတောက်ဖူး။

"ဟာ ညီမလေး တစ်ယောက်တည်းလား။ အဖော်လိုရင် ကိုကြီးတို့နဲ့ အတူလိုက်ခဲ့လေ ..."

"ကျစ် အရေးထဲ ငမူးသမားတွေနဲ့ လာဆုံနေရတယ်လို့။ ဒီမှာ ရှင်တို့ ကိုယ့်လမ်းကိုယ်သွားကြ လာမနောက်နဲ့။ လက်သီးက လူမျိုးမရွေးဘူးနော်"

သစ်ပင်နောက်တွင် ကွယ်အိပ်နေသော သကြင်္နမင်း အသံကြား၍ ခေါင်းထောင်ကြည့်မိသည်။

"ဟ တယ်ဟုတ်ပါလား။ လူကဖြင့် သေးသေးပုပုလေး ငမူးသမား(၅)ယောက်ကို ဖြဲခြောက်နေတာကတော့ စိတ်ဝင်စားစရာပဲ။ ဘယ်လို စခန်းသွားကြမလဲဆိုတာ ထိုင်ကြည့်လိုက်ပါဦးမယ် အပျင်းပြေပေါ့ အဟွန်းဟွန်း ..."

"ဟော့ကောင်တွေ လက်သီးတဲ့ ဟားဟား ..."

"ဒါနဲ့ ညီမလေးက သိပ်ဆွဲဆောင်မှု ရှိတာပဲနော်"

အင်္ကျီပါးပါးလေးကို အသေအချာစိုက်ကြည့်၍ ပြောလာသောကြောင့် ပိတောက် မလုံမလဲဖြစ်လာသည်။ သူငယ်ချင်းနှစ်ဦးသာလျှင် အမြန်ပြန်လာပါတော့ဟု မျှော်လင့်ဆုတောင်းမိ၏။

"ရှင်တို့ နှာဘူးတွေ။ လူပြတ်တာကို အခွင့်ကောင်းယူဖို့ မကြိုးစားနဲ့နော်။ လက်သီးစာမိလို့ ငရဲဘုံမှာ ချိုးကပ်သွားမယ်။ ကိုယ့်လမ်းကိုယ်သွားကြပါ"

"ဟော့ကောင်တွေ အခွင့်အရေး နှစ်ခါမရဘူး ဆွဲကွာ ..."

"ဟာ ဘာလုပ်တာလဲ လွှတ် လွှတ်နော်"

ပိတောက်အား အတင်းဆွဲကာဖြင့် သူတို့ကားပေါ်သို့ တွန်းတင်ကြသည်။ ယခုအချိန်ထိ ပွဲကြည့်ပရိသတ် လုပ်နေသော သကြင်္နမင်းလည်း ထရပ်ကာဖြင့် သူရဲကောင်း လုပ်ရပေဦးမည်။

"ဟော့ ဂျပုမလေး မင်းပြောတော့ လက်သီးက လူမျိုးမရွေးဘူးဆို။ ခုလို လူမျိုးရွေးနေရင် ဘဝပျက်မယ့်ကိန်း မြင်နေရတယ်နော်"

"ရှင်မမြင်ဘူးလား ကျွန်မလက်နှစ်ဖက်လုံး သူတို့ချုပ်ထားတာ ဘယ်လိုထိုးနိုင်မှာလဲလို့"

"ဟော့ကောင် မင်းနဲ့မဆိုင်ဘူး ဒိုးလိုက်တော့"

"ခွပ် ... ခွပ် ... ဘုန်း ..."

"အား ..."

ပိတောက်အား ချုပ်ထားသော လူနှစ်ယောက်ကို လျှပ်တစ်ပြက်အတွင်း မြန်ဆန်စွာဖြင့် ကန်ထုတ်ပေးလိုက်သည်။ ချက်ချင်းဆိုသလို သတ္တိခဲမလေးလည်း သူ့နောက်တွင် အပြေးလာပုန်း၏။

"ကဲ ရပြီ မင်းလက်သီးစာ သွားကျွေးတော့။ ငါ့တာဝန်ကျေပြီ ဘိုင့်"

လှည့်ထွက်သွားသော သကြိုန်မင်း၏ ဂျာကင်စကို အမိအရ ဖမ်းဆွဲထားလျက်။

"အဟင့်ဟင့် ပိတောက်ကို ကူညီပါနော်။ သူတို့ကြောက်မလားလို့ ဖြဲခြောက်ကြည့်တာ ပိတောက် မထိုးတတ်ဘူး။ အစ်ကိုမသွားပါနဲ့နော် ကူညီပါနော် ပိတောက်ကို မပစ်သွားပါနဲ့နော်။ အစ်ကို ကူညီပါနော် ပိတောက်ကြောက်တယ် သူတို့ကို အဟင့် အီးဟီး ..."

ကလေးငယ်တစ်ဦးကဲ့သို့ အော်ငိုနေသောကြောင့် ရယ်ချင်စိတ်ကို မျိုချလိုက်ရသည်။ ပါးလွှာနေသော ထိုကောင်မလေး၏ အင်္ကျီကိုကြည့်မိသည့်ချိန် ချက်ချင်းမျက်နှာလွှဲ၍ သူ့ဂျာကင်ကို ချွတ်ပေးလိုက်၏။

"ရော့ ငါ့ဂျာကင် ဝတ်ထား"

"ရပါတယ် မလိုပါဘူး ကျေးဇူးပါနော်"

နှုတ်မှ မယူသည့်ပုံစံဖြင့် ငြင်းနေသော်လည်း လက်က လျင်မြန်စွာ ဆွဲယူဝတ်နေသည်။ ထိုအမူအရာကြောင့် မျိုသိပ်ထားသော သူ့ပြုံးရယ်သံများ

လည်း ထွက်ပေါ်လာမိတော့၏။

"အဟွန်းဟွန်း ..."

"ခွပ် ... ခွပ် ... ဘုန်း ..."

"အား ..."

ကျားပါးစပ်ထဲ ရောက်ခါနီးမှ ပြန်လည် လွတ်ထွက်သွားသော သမင်ပျိုမလေးကြောင့် ရှူးရှူးရှဲရှဲ ထိုအမူးသမားများ ဒေါကန်ကြတော့သည်။ ထိုရန်ပွဲသည်လည်း ပိုမိုပြင်းထန်လာ၏။ ရှေ့တစ်ယောက်ကို ဆော်နေရင်းဖြင့် နောက်တစ်ယောက်ကိုလည်း ခြေပစ်ကန်ရသေးသည်။ ဂျပန်စစ်ကားထဲက အတိုင်း တိုက်ခိုက်လေ ပြန်ထလာလေ ဖြစ်နေသောကြောင့် သူအတော် မူးနောက်လာ၏။ သူ့လက်ရုံးရည်နှင့် မယှဉ်နိုင်လျှင် ထိုဂျပုမလေးကို ကယ်မိခြင်းသည် ကိုယ့်သေတွင်း ကိုယ်တူးမိသကဲ့သို့ ဖြစ်နေမည်လော။

"အစ်ကို နောက်မှာ သတိထား ..."

ရှေ့သို့ အာရုံစိုက်လိုက်ချိန် နောက်မှပြေးဝင်လာသော ငမူးနှစ်ကောင်ကို သတိမရှိလိုက်မိ။ ရှောင်ချိန်မရလိုက်၍ နှာခေါင်းသွေးများ လျှံထွက်လာတော့သည်။

"ဟာ ဟေ့ကောင် သိကြားမင်း ဘာဖြစ်တာလဲ"

ယခုချိန်မှ အပြေးအလွှား ရောက်ချလာသော သူငယ်ချင်းနှစ်ယောက်ကြောင့် သူအားတက်သွားသည်။

"ခန့်ဇင် လရောင် ရန်သူအင်အားများတယ်။ ဒါပေမဲ့ ဒီကောင်တွေကိုမှ မနိုင်ရင် ငါ့သိက္ခာကျတယ်ကွာ"

"အိုခေလေ နိုင်အောင် ဖိုက်ကြတာပေ့ါ"

"ခွပ် ... ခွပ် ... ဘုန်း ..."

"အင့် အား ..."

"လရောင် ငါတို့ဘာလို့ ဖိုက်နေရတာလဲဟင်"

"မသိဘူးလေ သိကြားမင်းဖိုက်တော့ နတ်သားတွေလည်း ဝိုင်းဖိုက်တာ ပေါ့ပဲဟာ။ စကားမများနဲ့ မင်းနောက်မှာ"

အခြေအနေမဟန်ကြောင်း ရိပ်မိသွားသည်နှင့် တစ်ချိုးတည်း ကားမောင်း ပြေးသွားရာ၏။ သူငယ်ချင်းသုံးယောက် ပေါင်းစည်းမှုဖြင့် ငမူး(၅)ယောက် ကို အနိုင်ရရှိခဲ့သည်။

"အဟင့်ဟင့် အီးဟီး ..."

ဖိုက်လိုက်၍ မောပါသည်ဆိုမှ ထိုကောင်မလေး အော်ငိုသံကြောင့် သကြ်ိန် ပို၍ပင် ထိတ်ထိတ်ပျာပျာ လန့်သွားတော့သည်။

"ဟ ဘာဖြစ်ပြန်တာတုန်း မင်းက"

လရောင်နှင့် ခန့်ဇင်တို့လည်း ဘုမသိ ဘမသိ ရပ်ကြည့်နေမိ၏။ ထိုအချိန် မှ ရောက်ချလာသော ထိုကောင်မလေး၏ သူငယ်ချင်းများကြောင့် ပို၍ပင် ပြဿနာ ရှုပ်သွားတော့သည်။

"ဟယ် ပိတောက် ဘာ ဘာဖြစ်တာလဲ။ ဘာလို့ငိုနေတာလဲ မေနှင်းကို ပြောလေ ..."

"ခင့်သူငယ်ချင်းကို ဘယ်သူအနိုင်ကျင့်တာလဲပြော။ ဘာလဲ သူတို့လား။ ရှင်တို့ ကျွန်မသူငယ်ချင်းကို အနိုင်ကျင့်ရဲတယ်ပေါ့လေ ..."

ခင်ရတနာနှင့် မေနှင်းမွန်ဆိုသည့် သူငယ်ချင်းနှစ်ဦးသည် ဆံပင်ရှည်၍ နူးညံ့သိမ်မွေ့သော မိန်းကလေးများဟု မထင်လိုက်လေနှင့်။ ထစ်ခနဲဆိုလျှင် လက်မြန်ခြေမြန် ဆော်လိုက်ရမှ ကျေနပ်ကြသူများ။ ယခုလည်း ခင်ခင်၏ ဖိနပ်ပေါက် လက်ချက်သည် သကြ်ိန်မင်း အရှောင်ကောင်း၍ ခန့်ဇင်မင်း

နဖူးထိပ်သို့ တန်းတန်းမတ်မတ်။ ထိုနည်းတူ မေနှင်း၏ ရေသန့်ဘူးသည် လည်း လရောင်မင်း၏ကျောပြင်သို့ စပ်ဖျဉ်းဖျဉ်း။ လူရမ်းကားများ၏ လက်ချက်ကြောင့် သကြွန်မင်းသည်လည်း သွေးယိုနေသောနှာခေါင်းက ရုပ်ပျက်ဆင်းပျက်။ ပိတောက်ကြောင့် သကြွန်သည် ဒီနှစ်တွင် ပျက်စီးရပါ တကား။

"ဟာ ဘာလုပ်ကြတာလဲ ခင်ခင် မေနှင်း တော်တော့။ မဟုတ်ဘူး မှားနေ ပြီ သူတို့ကြောင့် မဟုတ်ဘူး။ ဒီအစ်ကိုတွေက ပိတောက်ကို ငမူးသမား လက်ထဲက ကယ်ခဲ့ပေးတာ"

"ဟမ် အဲဒါ စောစောက မပြောပဲနဲ့။ မသိဘူးလေ ခင်လည်း မြန်မြန်ဆန် ဆန်ပဲ ဆော်လိုက်တာပေ့ါ"

"ဟို အစ်ကိုတို့ ရရဲ့လားဟင်။ ပိတောက် သူငယ်ချင်းတွေအစား တောင်းပန်ပါတယ်နော်"

"မလိုဘူး စေတနာအကဲပိုပြီး ကူညီပေးလိုက်မိတာ ငါတို့အမှား။ ဟေ့ ကောင်တွေ သွားမယ်"

"အယ် အစ်ကို ပိတောက်တောင်းပန်"

ပိတောက်ဖူး၏ တောင်းပန်စကားများ အရာမရောက်ခဲ့ပါ။ ထိုအစ်ကိုများ ထွက်သွားကြတော့သည်။

"ဆောရီးပါ ပိတောက်ရယ် မေနှင်းလည်း"

"ရပါတယ် မေနှင်းနဲ့ခင့်ကို ပိတောက်စိတ်မဆိုးပါဘူး။ ပိတောက်ကို အရမ်းချစ်လို့ စိတ်ပူလွန်ပြီး ဖြစ်သွားတာလေ။ ပိတောက်နားလည်ပါတယ်"

"ဒါနဲ့ ပိတောက် ဘယ်သူ့ဂျာကင် ဝတ်ထားတာလဲဟင်"

ခင်ခင်ပြောမှ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်မိ၏။ အစ်ကိုသိကြားမင်း၏

ဂျာကင်အင်္ကျီ ပိတောက်ကိုယ် ပေါ်တွင် ကျန်ခဲ့သည်။

"ဘယ်လိုလုပ်ရမလဲဟင် သူ့ဂျာကင် ပိတောက်ဆီမှာ ကျန်ခဲ့ပြီ"

"ကံမကုန်လို့ ရေစက်ရှိရင် ဒီလောက်ကျယ်ဝန်းတဲ့ ရန်ကုန်မြို့ကြီးမှာ သူ့ကိုပြန်တွေ့ခွင့်ရမှာပါ ပိတောက်ရယ် ..."

မေနှင်းပြောသည့်အတိုင်း သင်္ကြန်တွင် သိကြားမင်းကို ပြန်တွေ့ချင်ပါသည်။ အကြောင်းမူကား ကျေးဇူးတင် စကားပြောရန် အကြွေးကျန်နေသည်လေ။

***